# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

## ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် သဘောထားထုတ်ပြန်ချက်

၁။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအား အတည်ပြုခဲ့ရာ ယခုနှစ်သည်(၇၅) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၏ လူ့အခွင့်အရေးနေ့အား "လူတိုင်းအတွက် ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် တရားမျှတမှု" ဆောင်ပုဒ်ဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပဆင်နွှဲနေသကဲ့သို့ မြန်မာပြည်သူများသည်လည်း မြေပြင်နှင့် အွန်လိုင်းလူထုလှုပ်ရှားမှုများ ပြုလုပ်ကာ ပါဝင်လျက်ရှိပါသည်။ ယနေ့တွင် နိုင်ငံအများအပြား၌ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးတို့ကို ကာကွယ်မြှင့်တင်နိုင်ရေးတို့အတွက် အားလုံးပါဝင်ဆင်နွှဲနေကြပါသော်လည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုသည် လူ့အခွင့်အရေးဆိုသည်နှင့် ဝေးကွာလျက်ရှိနေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

၂။ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်များသည် မြန်မာပြည်သူများအပေါ် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိပြီး ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအား အင်အားစုများကို ပစ်မှတ်ထား၍ မတရားတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကြမ်းဖက်အာဏာသိမ်း စစ်တပ်သည် ဥပဒေမဲ့ဖမ်းဆီးခြင်း၊ တရားဥပဒေဘောင်ကိုကျော်လွန်၍ တရားလက်လွတ် သတ်ဖြတ်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် ပိုင်ဆိုင်မှုသိမ်းယူခြင်းတို့ကို ပုံမှန်အလေ့အထများကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ အပြစ်မဲ့ ပြည်သူပေါင်း (၂၅၆၅) ဦး သတ်ဖြတ်ခံခဲ့ရပြီး ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အရပ်သား ပြည်သူဦးရေမှာလည်း (၁၆၅၄၀) ဦး နှင့်အထက် ရှိပါသည်။

၃။ အာဆီယံအပါအဝင် နိုင်ငံတကာက အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် သေဒဏ်ပေးမှုများကို ဖျက်သိမ်းရန် အကြိမ်ကြိမ် တောင်းဆိုခဲ့ပါသော်လည်း အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို မရပ်တန့်သည့်အပြင် ပိုမို၍အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိသည်ကို မကြာသေးမီက ဒဂုံတက္ကသိုလ်ကျောင်းသား (၇) ဦးအား သေဒဏ် ချမှတ်ရန် တရားသူကြီးများကို အမိန့်ပေးခိုင်းစေခဲ့ခြင်းမှတစ်ဆင့် တွေ့မြင်နိုင်ပါသည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်ကြသည့် အရပ်သား ပြည်သူပေါင်း (၁၄၀) ကျော်ကို သေဒဏ် ချမှတ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် (၁) ဦး အပါအဝင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသည့် ဦးဆောင်သူ (၄) ဦးကိုလည်း ကွပ်မျက်ခဲ့ပြီးဖြစ်ပါသည်။

၄။ အာဏာသိမ်းစစ်တပ်က တိုင်းရင်းသားများ နေထိုင်ရာ ဒေသများကဲ့သို့ အရပ်သားပြည်သူများနေထိုင်ရာနေရာများကို ရက်စက်စွာ လေကြောင်းအင်အားသုံး၍ တိုက်ခိုက်ခြင်းတို့ကြောင့် ရာချီသော ပြည်သူများ သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာသော ပြည်သူများသည် နေရပ်စွန့်ခွာ ထွက်ပြေးနေရပါသည်။ အရပ်သားပြည်သူများနေထိုင်ရာ နေရာများသို့ ခွဲခြားမှုမရှိ လေကြောင်းဖြင့် တိုက်ခိုက်ခြင်း၊ နေအိမ်၊ ကျေးရွာနှင့် စာသင်ကျောင်းများအား မီးရှို့ ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် ထွက်ပြေးတိမ်းရှောင်နေရသူများ၏ အိုးအိမ်များကိုလည်း တရားမဝင် သိမ်းပိုက်လျက်ရှိပါသည်။

၅။ အကြမ်းဖက်အာဏာသိမ်းစစ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် တရားမဝင် အမည်ခံနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၎င်းတို့၏တရားမဝင်အာဏာသိမ်းမှုနှင့် အုပ်ချုပ်မှုအားဆန့်ကျင်ကြသည့် မြန်မာပြည်သူများအပေါ် စနစ်တကျ သတ်ဖြတ်မှုများအတွက် တာဝန်ရှိပါသည်။ အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်ကို ဒေသတွင်းနိုင်ငံများရှေ့မှောက်တွင် သဘောတူညီခဲ့သည့် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်သည် ယခုအခါ အာဆီယံနှင့် နိုင်ငံတကာခေါင်းဆောင်များ၏ တောင်းဆိုမှုများကို လိုက်နာခြင်းမရှိပါ။

၆။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအား အသက်ပေး၍ ခုခံကာကွယ်နေကြသူများအပေါ် အာဏာသိမ်းစစ်တပ်က ကျူးလွန်ခဲ့သည့် လူမဆန်သော လုပ်ရပ်များအတွက် တရားမျှတမှုရှိရေးနှင့် အကြမ်းဖက်စစ်တပ်မှ တာဝန်ခံမှုရှိစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၇။ မိမိတို့အနေဖြင့် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် လူမဆန်သော စစ်တပ်၏ သတ်ဖြတ်မှုများအား ရပ်တန့်သွားရန်နှင့် မြန်မာပြည်သူများ၏ အသက်များကို ကယ်တင်ပေးရန် ကုလသမဂ္ဂ၊ အာဆီယံနှင့် ဥရောပသမဂ္ဂ တို့အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အာဏာသိမ်းစစ်တပ်ခေါင်းဆောင်များနှင့် ထောက်ခံသူများကို ထိရောက်သော အရေးယူဆောင်ရွက်ခြင်းများ ချမှတ်ပေးရန် ထပ်မံ တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ